


Analysis

# မြန်မာ့အရေး ဘာတွေတွေးလို့ ဘာတွေလုပ်ကြမလဲ

အပိုင်း(က) ပြန်လည် သုံးသပ်ခြင်း

အပိုင်း(ခ) ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများအတွက် နိုင်ငံရေး နည်းလမ်းများ

**လွင်အောင်စိုး**

2/9/2009



# မြန်မာ့အရေး ဘာတွေတွေးလို့ ဘာတွေလုပ်ကြမလဲ

## အပိုင်း (က) ပြန်လည်သုံးသပ်ခြင်း

### လူ့အခွင့်အရေးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လက်ရှိအခြေအနေ

1. စစ်အာဏာရှင် ဗိုလ်ချုပ်များက တရားဥပဒေမဲ့ ထင်ရာစိုင်းကာ ပြည်သူတို့၏ လူ့အခွင့်အရေးများကို ဆိုးဆိုးဝါးဝါး ချိုးဖောက်နေသည်။
2. ထိုသို့သောကျူးလွန်မှုများကို ပြည်တွင်း၌ မည်သူမှ၊ မည်သည့်အဖွဲ့အစည်းမှ မတားဆီးနိုင်ပဲ ဖြစ်နေသည်။
3. စစ်အာဏာရှင် ဗိုလ်ချုပ်တို့၌ ဒီမိုကရေစီကျင့်ဝတ်များကို လိုက်နာလိုစိတ်မရှိကြောင်း အဆိုပါကျူးလွန်မှုကြီးက သက်သေပြနေသည်။

### လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှု ဆက်စပ်နေ

လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ တရားဥပဒေ စိုးမိုးမှုနှင့် တိုက်ရိုက်ပတ်သက်သည်။ တရားဥပဒေ စိုးမိုးမှု မရှိလျှင်- တနည်းအားဖြင့် တရားစီရင်ရေးစနစ်၊ ဥပဒေပြုရေးစနစ်တို့၌ ချွတ်ယွင်းချက်များရှိလျှင် တရားမျှတအောင် စီမံခန့်ခွဲ အုပ်ချုပ်နိုင်ခြင်း မရှိတော့ပေ။ ထိုအခါ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်လာတော့သည်။ သို့ဖြစ်၍ နိုင်ငံသား၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ရေးမှာ အဆိုပါနိုင်ငံ၌ တရားဥပဒေစိုးမိုးမှု ရှိနေရမည် ဖြစ်သည်။

တရားဥပဒေ စိုးမိုးမှုကို အစိုးရမှ တာဝန်ယူရသည်။ လူ့အခွင့်အရေးများကို မထိခိုက်စေရန် ကြိုတင်ကာကွယ်ပေးထားရသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သော ပြဿနာတခု ဖြစ်မှန်းသိလျက်

- ပြဿနာ မဖြစ်သယောင် ဖုံးဖိထားခြင်း၊
- လစ်လျူရှုထားခြင်း၊
- အရေးယူ ဆောင်ရွက်မှု မရှိခြင်း၊
- အရေးယူဆောင်ရွက်မည့် အခြားသူတို့အား ပိတ်ပင်ဟန့်တားထားခြင်း၊
- အခြား မသင့်တော်သော နည်းလမ်းများဖြင့် ဖြေရှင်းနေခြင်း

အစရှိတို့သည် ထိုပြဿနာကို ပိုမိုကြီးထွားစေသည်သာမက နောက်ဆုံး၌ မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်စေသည်။

လူ့အခွင့်အရေးများကို ရပိုင်ခွင့် မရှိလျှင် လူတို့သည် မိမိတို့ဆန္ဒအတိုင်း မိမိတို့ကိုယ်ပိုင်ဘဝကို တည်ဆောက်ပိုင်ခွင့် မရှိ။ လုံခြုံရေးအာမခံချက်လည်း မရှိ။ အာဏာရှင် အလိုကျ သွန်လိုသွန် မှောက်လိုမှောက် ခံနေရသောဘဝသို့ မရောက်ချင်ပဲ အလိုလိုရောက်နေရတော့သည်။

### ဘယ်သူ့ကြောင့်လဲ

တန်းတူညီမျှပိုင်ခွင့်ရှိသော လူစင်စစ်ဖြစ်လျက် လူဖြစ်ရှုံးရခြင်းမျိုး အပါအဝင် နစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ရသည်မှာ ကိုယ်ကျိုးကိုသာ ကြည့်တတ်သော အာဏာပိုင်တို့က အတင်းအဓမ္မ အမိန့်ပေး စေခိုင်းနေသောကြောင့် ဖြစ်သည်။ အဓမ္မ ခိုင်းစေခံရခြင်း၊ မတရားပြုကျင့်ခံရခြင်း၊ အရွယ်မရောက်သေးမီ စစ်မှုထမ်းဆောင်ရခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းဖျက်ဆီး ခံရခြင်း အစရှိသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အမျိုးမျိုးတို့ကြောင့် ပြည်သူတို့တွင် နစ်နာဆုံးရှုံးမှုရှိသည်။ ဤသည်မှာ တန်းတူညီမျှမှုနှင့် လွတ်လပ်ခွင့်ကို တန်ဖိုးမထားသော အာဏာရှင်စနစ်ကြောင့် ဖြစ်သည်။

သို့ဖြစ်လျှင် စနစ်ကို အပြစ်တင်ရမည်လား ဟုမေးစရာဖြစ်လာသည်။ စနစ်ဆိုသည်မှာ သက်ရှိလူ မဟုတ်သဖြင့် အပြစ်တင်

၍လည်း အကျိုးမထူး။ မကောင်းမှန်း၊ မသင့်တော်မှန်း သိလာရသော ထိုစနစ်ကို အပြီးတိုင် ဖယ်ရှားမှသာ အကျိုးထူးများ ရှိလာမည်ဖြစ်သည်။ နာဇီ၊ ဖက်ဆစ်၊ ပဒေသရာဇ်၊ အသားအရောင် ခွဲခြားစနစ်၊ ကျေးကျွန်စနစ် စသည့် မကောင်းသော စနစ်များကို နောက်နောင်မသုံးဖြစ်အောင် စံနမူနာထားရသကဲ့သို့ ဖြစ်သည်။ မကောင်းသည့်စနစ်ကို အခြားကောင်းနိုးရာရာ စနစ်တခုခုဖြင့် ပေါင်းစပ်ရောမွှေပြီး ဆက်သုံးရန်လည်း မဖြစ်နိုင်ပါ။ အမှန်တကယ် ကောင်းမွန်သင့်တော်သည်ဟု လူအများက ယူဆပြီး လက်ခံကြသောစနစ်ဖြင့် အစားထိုးရန်သာ ကြိုးပမ်းအပ်သည်။

စနစ်နှင့်ပတ်သက်၍တာဝန်ရှိသူမှာ ထိုစနစ်ကို ဦးဆောင်ကျင့်သုံးသူ(တို့)ဖြစ်သည်။ ဥပမာ- မြန်မာနိုင်ငံတွင် အာဏာပိုင် စစ်ဗိုလ်ချုပ်တို့က အာဏာရှင်စနစ်ကို ကျင့်သုံးနေသည်။ သို့ဖြစ်၍ အာဏာရှင်စနစ်ကြောင့် ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှု မှန်သမျှ ထိုဗိုလ်ချုပ်များ၌သာ တာဝန်ရှိသည်။ ထိုသူတို့ကိုသာ အပြစ်တင်ရန်ရှိသည်။

## လူ့အခွင့်အရေး ချိုးဖောက်သူ

လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုလျှင် သက်ဆိုင်ရာ အာဏာပိုင်အစိုးရနှင့်သာ ဆိုင်သည်။ အစိုးရသည် လူတဦးဦးက အခြား သူတို့၏ လူ့အခွင့်အရေးများကို ထိခိုက်စော်ကားခြင်း မပြုနိုင်အောင် ရှောင်ကြဉ်အပ်သည်များကို ထုတ်ပြန်ညွှန်ကြားထား ရသည်။ မိမိကိုယ်တိုင်ကပါ စံနမူနာပြကာ လိုက်နာကျင့်သုံးရသည်။ အကယ်၍ ဖောက်ဖျက်ကျူးလွန်သည်ဆိုလျှင် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားပဲ တရားဥပဒေကြောင်းအရ အရေးယူရသည်။ နောက်နောင်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ် တားဆီးပေးရသည်။ အစိုးရဘက်မှ ဤကိစ္စအားလုံးကို ပျက်ကွက်လျှင် ထိုအစိုးရသည် လူ့အခွင့်အရေး ချိုးဖောက်သူ ဖြစ်လာသည်။

## လက်ရှိအာဏာပိုင် စစ်ဗိုလ်ချုပ်တို့သည် ဒီမိုကရေစီကို လိုလားသူများ ဖြစ်သလား

အာဏာရှင်စနစ် မရှိမှသာ တရားဥပဒေ စိုးမိုးမည်။ တရားဥပဒေ စိုးမိုးမှ လူ့အခွင့်အရေးများ အာမခံချက် ရှိမည်။ တရား ဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးများ ပြည့်ဝရေးကို အာမခံ အကောင်အထည်ဖော်ပေးရန် ဒီမိုကရေစီ ထွန်းကားဖို့ လိုသည်။ ဒီမိုကရေစီ အားကောင်းသွားလျှင် အာဏာရှင်စနစ်ပြုတ်ကျရန် လမ်းစများ အလိုလို ပေါ်ထွက်လာသည်။

မြန်မာဗိုလ်ချုပ်တို့က သူတို့ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အပြစ်ဒဏ်ခံရမည်ကို အလွန် စိုးရိမ် ပူပန်နေသည်။ လာဘ်စားထားသော စည်းစိမ်များနှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်နေသည်။ ထိုသို့ ဖြစ်မနေအောင် သူတို့အား ထာဝရ လုံခြုံမှုပေးနိုင်သည်မှာ သူတို့လက်ဝယ်၌ အာဏာရှိနေဖို့လိုသည်ဟု မှားယွင်းစွာ ခံယူထားကြသည်။ နောင်တက်လာမည့် ဒီမိုကရေစီ ခေါင်းဆောင်တို့က သူတို့လိုပင် ဥပဒေမဲ့ အာဏာစွမ်း ပြလိမ့်မည်ဟုလည်း သူတို့အဖြစ်နှင့် နှိုင်း၍ အဆင်ခြင်မဲ့ ကြိုတွေးထားကြသည်။

(အမှန်စင်စစ် ဒီမိုကရေစီအစိုးရ- တနည်းအားဖြင့် ကိုယ်စားပြု ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် အစိုးရမှန်သမျှ ဥပဒေမဲ့ လုပ်ခွင့်မရှိအောင် ကန့်သတ်ချက်များ ရှိနေပြီးဖြစ်သည်။ သူတို့ကဲ့သို့ ဥပဒေအပေါ်တွင် တက်ထိုင်နေသူများ မဟုတ်ကြပါ။)

စစ်ဗိုလ်ချုပ်တို့၌ ဆင်ခြင်တုံတရား ကင်းမဲ့နေသည်မှာ သူတို့သည် ဒီမိုကရေစီကို အမှန်တကယ် မလေ့လာ၊ လေ့လာရ ကောင်းမှန်းလည်း မသိ၊ လေ့လာဖို့လည်း အခွင့်မရ။ ထိုအခါ ဒီမိုကရေစီနှင့် ပတ်သက်လျှင် ဆင်တကောင်အား လက်နှင့် ကိုင်တွယ်စမ်းသပ်ပြီး ထင်ရာလျှောက်ပြောနေသူတို့ကဲ့သို့ ဖြစ်နေတော့သည်။ ဒီမိုကရေစီအကြောင်း မလေ့လာ မသိရှိရ သဖြင့် စစ်ဗိုလ်ချုပ်တို့သည် ဒီမိုကရေစီ ကျင့်ဝတ်များကို နားမလည်၊ ကျင့်ကြံဖို့ဆိုသည်မှာ ဝေးလာဝေး၊ ဒီမိုကရေစီ ဘက်တော်သားဆိုလျှင် သူတို့အား ဖျက်ဆီးတိုက်ခိုက်မည့် ရန်သူဟုပင် တဘက်သပ် သဘောထားနေတော့သည်။

ထို့ကြောင့် မြန်မာစစ်ဗိုလ်ချုပ်များသည် လက်ရှိ အခြေအနေများအရဆိုလျှင် ဒီမိုကရေစီ အမှန်တကယ် ဖြစ်ထွန်းလာရေးကို မည်သည့်အခါမှ အားပေးလုပ်ဆောင်မည် မဟုတ်။ သူတို့ရယူထားသော အာဏာကိုသာ ဆက်လက် ဖက်တွယ်ထားဦး မည်ဖြစ်သည်။ ဤဆောင်းပါးအစတွင် "စစ်အာဏာရှင် ဗိုလ်ချုပ်များသည် ဒီမိုကရေစီ ကျင့်ဝတ်များကို လိုက်နာလိုစိတ် မရှိ" ဟု သုံးနှုန်းခဲ့သည်။ အခြေအမြစ်မရှိပဲ စွပ်စွဲခြင်း မဟုတ်ကြောင်း ယခု သိနိုင်လောက်ပေပြီ။

## မိမိတို့ပြဿနာကို မိမိတို့ကိုယ်တိုင် ပြည်တွင်းမှာဘဲ ဖြေရှင်းနိုင်မလား

တရားဥပဒေစိုးမိုးမှုကို မလေးစားပဲ လူ့အခွင့်အရေးများကို စိတ်ထင်တိုင်း အကြီးအကျယ် ချိုးဖောက်နေသည့် အခြေအနေ ဆိုးမျိုးမှာ မြန်မာနိုင်ငံတွင် ထင်ရှားသိသာစွာ ဖြစ်ပျက်နေသည်။ သက်သေခံ အထောက်အထား များစွာရှိသည်။ နိုင်ငံ အကြီးအကဲ၊ အစိုးရတာဝန်ရှိသူတို့နှင့် တိုက်ရိုက်သက်ဆိုင်သော အဆိုပါ ပြဿနာများက ရှုပ်ထွေးကြီးမားလာရာ နောက်ဆုံးတွင် နိုင်ငံရေးပြဿနာဟု သတ်မှတ်ရသည့်အဆင့်သို့ ရောက်လာသည်။ နိုင်ငံသားတိုင်း မည်သူမျှ လစ်လျူမရှုပဲ ဖြေရှင်းအပ်သော အမျိုးသားရေးပြဿနာ ဖြစ်လာသည်။ နိုင်ငံရေးပြဿနာ ဖြစ်သဖြင့် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်း သာလျှင် အကောင်းဆုံး ဖြစ်သည်။ နိုင်ငံရေးနည်းလမ်း ဆိုကတည်းက အကြမ်းဖက်ခြင်းမျိုး မရှိ၊ ရန်ငြိုးအာဃာတထားခြင်း မရှိ။ နိုင်ငံ့ဂုဏ်သိက္ခာ၊ မိမိဂုဏ်သိက္ခာကို ရိုးသားစွာ ထိန်းသိမ်း၍ ပွင့်ပွင့်လင်းလင်း ပြင်သာပြောင်းသာစွာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းသာ ရှိသည်။

မြန်မာတမျိုးသားလုံးနှင့် သက်ဆိုင်နေသည့် ပြဿနာကား တရားဥပဒေစိုးမိုးမှု ရှိမနေခြင်း၊ လူ့အခွင့်အရေးများ ချိုးဖောက်ခံ နေရခြင်းတို့သာ မဟုတ်သေးပါ။ ထိုသို့ဖြစ်နေခြင်းကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းလိုသူတို့အား ဖြေရှင်းခွင့်မရအောင် နှိပ်ကွပ်ထားခြင်း၊ ဖမ်းဆီးထိန်းသိမ်းထားခြင်းစသည့် ပြဿနာကပါ ထပ်ဆင့် ဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်။ ထိုအခါ မယောင်ရာ ဆီလူးသည့်ပြဿနာက ပူးတွဲပါလာတော့သည်။ ဤသို့ဖြင့် ပြဿနာများ တက်ပြီးရင်းတက်နေတော့သည်။ အမှန်စင်စစ် မြန်မာ့အရေးကို ပြည်တွင်းမှ ကာယကံရှင် မြန်မာလူမျိုးများကိုယ်တိုင် ဖြေရှင်းနိုင်ရန်လမ်းစက နည်းပါးလျက် ရှိနေတော့သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ ပြည်တွင်း၌ လူထုအကျိုးပြု နိုင်ငံရေးလမ်းကြောင်းသစ်တခုခုကို ရဲရဲတံ့တံ့ ထုတ်ဖော်လာနိုင်မှ ပြဿနာတို့ ချုပ်ငြိမ်းဖွယ်ရာ ရှိပေလိမ့်မည်။

## ပြည်တွင်းမှာ မဖြေရှင်းနိုင်လျှင် ပြည်ပက ဝင်ရောက် ဖြေရှင်း

တမျိုးသားလုံးနှင့်ဆိုင်သည့် အမျိုးသားရေးပြဿနာကို ပြည်တွင်းမှာပင် ဖြေရှင်းခွင့် မရသည့်အခါ (သို့) ဖြေရှင်းရန် အခက်အခဲ ကြီးမားသောအခါ ပြည်ပရောက်မြန်မာလူမျိုးတို့က အမျိုးသားရေးစိတ်ဓါတ်ဖြင့် ဝိုင်းဝန်းကူညီဖြေရှင်းပေးသည်။ ထို့အတူ တရားဥပဒေ စိုးမိုးမှုနှင့် လူ့အခွင့်အရေးများကို လေးစားသော နိုင်ငံတကာ တိုင်းပြည်နှင့် အဖွဲ့အစည်းတို့ကလည်း ပါဝင်ဖြေရှင်းရန် ကြိုးပမ်းကြသည်။ ထိုအခါ နိုင်ငံတကာ၏အခန်းကဏ္ဍကို ဖွင့်လှစ်ပေးလိုက်သည့် အကျိုးဆက်များ ဖြစ်ပေါ် လာသည်။

မြန်မာနိုင်ငံသားတို့ လူဖြစ်ရှုံးနေရသည့် အဖြစ်ဆိုးမှ ထွက်ပေါက်ရရေးအတွက် ပြည်ပမှ ကူညီပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေလာကြရာ နိုင်ငံတကာ အတိုင်းအတာဖြစ်သောကြောင့် အလွန်ကျယ်ပြန့်သည်။ အင်အားကောင်းသည်။ ဝိုင်းဝန်း စုစည်းကာ ပူးပေါင်းလုပ်ဆောင်ကြသည်။ နိုင်ငံတကာ ဥပဒေ၊ သဘောတူညီချက်နှင့် ကျင့်ဝတ်များကို အခြေခံကြသည်။ ထိုအခါ ရည်ရွယ်ချက် ကောင်းမွန်သည့် မဟာဗျူဟာတရပ်ကို စဉ်းစားလာကြသည်။ နည်းဗျူဟာအပိုင်းတွင် လက်ရှိ၌ အားသာနေသည့် စွမ်းဆောင်နိုင်မှုများအပေါ် အခြေခံသော နိုင်ငံရေး (Realpolitik) ကို ကျင့်သုံးသည်။

## ဘာကြောင့် မအောင်မြင်သေးသနည်း

ဆိုခဲ့သည့်အတိုင်း ပြည်ပအခန်းကဏ္ဍ၏ ကြိုးပမ်းမှုမှာ စကားလုံးအားဖြင့် အံ့မခန်းလောက်စရာများ ဖြစ်သည်။ သို့သော် လက်တွေ့လုပ်ဆောင်မှုအပိုင်းတွင် အားနည်းချက်များ အမှန်ပင်ရှိနေခဲ့သည်။ ဥပမာ-ဝိုင်းဝန်းစုစည်းကာ လုပ်ဆောင်ကြ သည့်အပိုင်းတွင် လုံခြုံရေးကောင်စီမှ တရုတ်နှင့်ရုရှားကို ကြည့်ပါ။ သူတို့သည် ကျန်အဖွဲ့ဝင်များနှင့်အတူ လက်တွေ့တွင် ဝိုင်းဝန်းစုစည်း လုပ်ဆောင်ကြသော်လည်း သူတို့အကျိုးစီးပွားကို ဦးစားပေးသည့်ရှုထောင့်မှကြည့်ရန် အားသန်လွန်းသည်ကို တွေ့ရသည်။ ထိုအခါ မြန်မာ့အရေးကို လုံခြုံရေးကောင်စီမှ ကိုင်တွယ်သည်ဆိုသော စကားသာ အဖတ်တင်ပြီး အကျိုး ဖြစ်ထွန်းမှု ရှိမလာပဲ ဖြစ်နေတော့သည်။

နောက်နမူနာတခုမှာ Realpolitik ကို ကျင့်သုံးကြရာတွင် နိုင်ငံတကာအသိုင်းအဝိုင်း၌ ခေါင်းဆောင်အပြောင်းလဲကြောင့် အကျိုးဆက်များ ပြောင်းလဲခြင်းဒဏ်ကို ခံရသည်။ ဥပမာ- ထိုင်းနိုင်ငံ၌ Thaksin Shinawatra နှင့် နောက်လိုက်များက အာဏာရနေစဉ် မြန်မာ့ဒီမိုကရေစီအရေးအတွက် အာဆီယံ၏ ကြိုးပမ်းချက်များမှာ အရာမထင်ခဲ့ဘဲ ပို၍ပင် ဆိုးဝါးလာနေခဲ့သည်။ ကောင်းနိုးရာရာ ဆေးမြီးတိုများဖြင့် လက်တဲ့စမ်းကုနေသရွေ့ အမှန်တကယ် ပျောက်နိုင်မည် မဟုတ်သည်ကို အတော်များများက နားလည်ကြပေလိမ့်မည်။ သို့သော် Realpolitik ၏ သဘောကိုက လုပ်နိုင်စွမ်းရှိသော အင်အားဖြင့် တဘက်ဘက်သို့ ယိမ်းယိုင်လွှမ်းမိုးထားရသည်ဖြစ်ရာ ဆေးမြီးတို မသုံးသင့်မှန်း မည်မျှပင် နားလည်စေကာမူ အဆိုပါ လွှမ်းမိုးမှုကို မကျော်လွှား မချေဖျက်နိုင်ပဲ ရှိနေရသည်။

ပြည်ပရောက်မြန်မာတို့၏ ဒီမိုကရေစီလှုပ်ရှားမှု အခန်းကဏ္ဍတွင်လည်း ထိုသဘောမျိုး အနည်းနှင့်အများ ရှိနေသည်ကို တွေ့မြင်နိုင်သည်။ ကာလံ-ဒေသံ-ပယောဂံအရ Realpolitik သုံးကြသည်။ သို့သော် မှန်ကန်သော Realpolitik ကို ရွေးချယ်နိုင်ရန် ခက်ခဲသည်။ ရွေးချယ်နိုင်သည့်တိုင်အောင် (အားသာသည့် စွမ်းဆောင်နိုင်မှု ရှိနေသည့်တိုင်အောင်) လိုအပ်သော နိုင်ငံရေးနောက်ခံ အနေအထားတခုလုံးကို ဖန်တီးရေးအတွက် သက်ဆိုင်သူအားလုံးတို့က တစိတ်တဝမ်းတည်း ရှိနေဖို့ အလွန်ခက်ခဲနေပြန်သည်။ လူတဦး၏ ကိုယ်ပိုင်ပြဿနာကို အခြားလူတဦး (သို့) နှစ်ဦး-သုံးဦးဖြင့် ဖြေရှင်းနိုင်လောက်သည်။ နိုင်ငံတခုလုံးနှင့်ဆိုင်သော ပြဿနာတွင်ကား နိုင်ငံသားအားလုံး ပါဝင်ပတ်သက်နေသောကြောင့် အလွန်ခက်ခဲသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် မဖြေရှင်းနိုင်သေးသည့် အရှေ့အလယ်ပိုင်း ဒေသတွင်းပြဿနာမှာ လွယ်ကူထင်ရှားသည့် နမူနာကောင်း ဖြစ်သည်။

ပြည်တွင်းကဏ္ဍနှင့် ပတ်သက်၍ သုံးသပ်လျှင် အာဏာပိုင်တို့က အမျိုး၊ ဘာသာ၊ သာသနာနှင့် အခြားဂုဏ်သိက္ခာများကို ထိန်းသိမ်းမြှင့်တင်ရေးထက် အာဏာရှင်စနစ်ဖြင့် အာဏာကို အငမ်းမရဖက်တွယ်လိုစိတ် ကြီးမားနေခြင်း၊ ထိုစိတ်ကြောင့် လူမဆန်ဆုံး အပြုအမူများဖြင့် တရားမဲ့ နှိပ်ကွပ်နေခြင်း၊ ထိုသို့နှိပ်ကွပ်မှုကြောင့် နိုင်ငံသားအားလုံးက တစိတ်တဝမ်းတည်း ပူးပေါင်းပါဝင်နိုင်မှု လမ်းစများ ပိတ်ဆို့ခံနေရခြင်း စသည်တို့က အဓိကအကြောင်းရင်းများ ဖြစ်ပေလိမ့်မည်။

## မအောင်မြင်သေးသော်လည်း အောင်မြင်နိုင်မည့် သော့ချက်ကို တွေ့ရှိလာ

"သက်ဆိုင်သူအားလုံးတို့က တစိတ်တဝမ်းတည်းဖြစ်အောင် စုစည်းညီညွတ်နိုင်ရေး" ဆိုသည့် သဘောတရားကို အခြေခံထားနိုင်လျှင် လိုအပ်သည့် နိုင်ငံရေးအဝန်းအဝိုင်းကို ဖန်တီးနိုင်ပါလိမ့်မည်။ အဆိုပါ နိုင်ငံရေးအဝန်းအဝိုင်းသည် အာဏာရှင်စနစ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော ဒီမိုကရေစီကျင့်ဝတ်များကို အခြေခံရပါမည်။ ထိုအခါ မှန်ကန်သော Realpolitik ဖြင့် ဆက်လက် ဖြေရှင်းနိုင်မည် ဖြစ်သည်။

(ဒီမိုကရေစီ ကျင့်ဝတ်များကို အတော်အတန် လိုက်နာကျင့်သုံးတတ်သည်ဆိုလျှင်ပင် အဆိုပါလူ့အဖွဲ့အစည်းတွင် တစိတ်တဝမ်းတည်း ဖြစ်လာဖို့ရှိနေသည်။ အကြောင်းမှာ ဒီမိုကရေစီ၏ အခြေခံမှုတွင် တန်းတူညီမျှမှုနှင့် လွတ်လပ်ခွင့်တို့ ပါဝင်နေခြင်းကြောင့် ဖြစ်သည်။)

ပြည်တွင်းအခန်းကဏ္ဍတွင် အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်လွန်းသော အုပ်ချုပ်မှုအောက်၌ လူးလွန့်လှုပ်ရှားနိုင်သမျှ အရာထင်လျက်ရှိသည်။ အရာထင်ကျန်ခဲ့သမျှ ပျောက်ပျက်မသွား၊ အရာထင်သမျှ "ဖိလျှင် ကြွသည်" ဆိုသော နိယာမကို အားဖြည့်ပေးနေခြင်း ဖြစ်သည်။ ကြွမည့်စိတ်က အထူးပြောစရာမလို၊ အာဏာရှင်မှလွဲ၍ လူတိုင်း၌ ရှိနေပြီး ဖြစ်သည်။ ကြွနိုင်စေမည့် ရင်းမြစ်စွမ်းအားများ ကောင်းလာရန် အရှိန်ယူနေစဉ်အတွင်း အထက်တွင် ရေးခဲ့ပြီးသည့် "သက်ဆိုင်သူအားလုံးတို့က တစိတ်တဝမ်းတည်းဖြစ်အောင် စုစည်းညီညွတ်နိုင်ရေး"ကိုသာ မြန်မြန်ဆန်ဆန် ရလိုက်လျှင် မြန်မြန်ပွဲသိမ်းနိုင်ပါမည်။

၂၀၀၇ နှစ်လယ်ပိုင်းလောက်တွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်တို့က ရဲရဲဝံ့ဝံ့ ဆော်ဩ တိုက်တွန်းခဲ့ကြသည်။ "အမျိုးသား ပြန်လည်သင့်မြတ်ရေး"သည် ဒီမိုကရေစီ အသွင်ပြောင်းရေးအတွက် အခြေခံ လုပ်ငန်းစဉ်တရပ်ဖြစ်သကဲ့သို့ အာဏာရှင်ဗိုလ်ချုပ်တို့အတွက်လည်း "ထွက်ပေါက်ဗျူဟာ" ဖြစ်သည်ကို သတိပြုသင့်သည်။

# အပိုင်း (ခ)
# ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများအတွက် နိုင်ငံရေးနည်းလမ်းများ

လက်ရှိအားဖြင့် ပြည်ပရောက် မြန်မာများနှင့် နိုင်ငံတကာမှ ကြိုးပမ်းနေသည်များ၊ နောင်တချိန် ကြိုးပမ်းရန် လိုအပ်နိုင်ဖွယ်ရှိသည်များကို အမျိုးအစားများခွဲ၍ အောက်ပါအတိုင်း အနည်းငယ်စီရှင်းလင်းပါမည်။ မိမိတို့ရောက်ရှိရာ နိုင်ငံ၏အခြေအနေအရ၊ မိမိတို့တွင် စွမ်းဆောင်နိုင်သည့် အနေအထားအရ လှုပ်ရှားနိုင်မည့် နည်းလမ်းများ ဖြစ်သည်။ အကြမ်းအားဖြင့် (၃)မျိုး ခွဲနိုင်သည်။

(က) နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များ

(ခ) ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

(ဂ) နိုင်ငံတကာဖိအား

| | |
|---|---|
| နည်းလမ်း (က) | ကမ္ဘာတလွှားကျင့်သုံးနေကြသော နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များအပေါ် အခြေခံ၍ မြန်မာစစ်ဗိုလ်ချုပ်တို့၏ လုပ်ရပ်များကို ကနဦးအဆင့်၌ ဟန့်တားခြင်း၊ လမ်းညွှန်ခြင်းနှင့် ပျက်ကွက်ပါက နောက်တဆင့်တွင် သူတို့အား အရေးယူ အပြစ်ပေးခြင်း |

မြန်မာ့အရေးတွင် နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များကို ပြင်ဆင်ပြောင်းလဲရန် ကြိုးပမ်းမှုများ အမှန်ပင် ရှိနေခဲ့သည်။ ဥပမာ-အာဆီယံအဖွဲ့၏ ပဋိညာဉ်စာချုပ်သစ် ဖြစ်သည်။ သို့သော် မည်မျှအထိ ထိရောက်နိုင်သနည်း ဆိုသည်ကိုမူ စောင့်ကြည့်ရပေဦးမည်။

နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များ၌ ပြောင်းလဲနေသောအခြေအနေ ဖြစ်ထွန်းမှုအလိုက် လက်ရှိ အနေအထားထက် ပိုမိုထိရောက်သောရလဒ်များ ဖြစ်လာစေရေးအတွက် ပိုမိုတိကျပြင်းထန်သော ဥပဒေများ၊ သဘောတူညီမှုများ ရရှိရန် ထပ်မံလုပ်ဆောင်ဖို့ လိုနေသည်။ ဖြစ်နိုင်သမျှ ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း အများသဘောတူညီမှုရရေးအတွက် ယခုထက်ပို၍ ကြိုးပမ်းရန် လိုအပ်သည်။ အထူးသဖြင့် ကာယကံရှင် ပြည်ပရောက် မြန်မာလူမျိုးများက နိုင်ငံခြားအစိုးရများ၊ အဖွဲ့အစည်းများထံ Lobby ချဉ်းကပ်နိုင်စွမ်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာနိုင်သည်နှင့်အမျှ မြန်မာ့ဒီမိုကရေစီအရေးမှာ ပိုတိုးတက်လာမည် ဖြစ်သည်။

မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်နေသော နိုင်ငံတကာအဖွဲ့အစည်းများတွင် ယခုအချိန်ထိ မည်သည့်အဖွဲ့အစည်းကမျှ နအဖစစ်အစိုးရအား အရေးယူသည့်အနေဖြင့် ထုတ်ပယ်ခြင်း မရှိသေးသော်လည်း ထိုသို့လုပ်ဆောင်ရန် ကြိုးပမ်းမှုများ အမှန်ပင် ရှိနေခဲ့သည်။ နောင်လည်း အလားတူ ကြိုးပမ်းနေကြဦးမည် ဖြစ်သည်။ အောင်မြင်နိုင်မည့်အခြေအနေမှာ နိုင်ငံတကာ ဥပဒေနှင့် သဘောတူညီချက်များအရ မြန်မာစစ်ဗိုလ်ချုပ်တို့အား ဟန့်တားရန်နှင့် အရေးယူရန် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ပြီးသည့်အပေါ် မူတည်သည်။

ထုတ်ပယ်ခြင်း မရှိသည့်တိုင်အောင် ပြင်းထန်စွာ အပြစ်ပေးခြင်းဖြင့် နအဖ၏ လှုပ်ရှားနိုင်ခွင့်ကို တရားဝင် ကန့်သတ်ထားနိုင်သည်။ ဥပမာ- ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ အလုပ်သမားရေးရာ အစရှိသည်တို့ ဖြစ်သည်။ ဤနည်းလမ်းမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် နအဖအား နိုင်ငံတကာ အဖွဲ့အစည်းတို့မှ တရားဝင် ဖိအားပေးခြင်း ဖြစ်သည်။ နအဖစစ်ဗိုလ်ချုပ်တို့၏ ကိုယ်ကျိုးစီးပွားများကို တိုက်ရိုက်ထိခိုက်စေသည်များလည်း ပါရှိနေသဖြင့် ဖိအားကောင်းကောင်း ပေးနိုင်မှ စစ်ဗိုလ်ချုပ်တို့ အညံ့ခံလာပေလိမ့်မည်။

| နည်းလမ်း (ခ) | ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီမှာ ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံး အာဏာသက်ရောက်နိုင်စွမ်း ရှိသဖြင့် မြန်မာ့အရေးအား တိုက်ရိုက် ကိုင်တွယ်ခြင်း |
|---|---|

လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာရှိသော တရုတ်နှင့် ရုရှားတို့က မြန်မာစစ်ဗိုလ်ချုပ်များအား အကာအကွယ် ပေးလျက်ရှိနေခြင်းက ကုလသမဂ္ဂမှ မြန်မာ့အရေးကို ထိထိရောက်ရောက် မဖြေရှင်းပေးနိုင်သည့် အဓိကအကျဆုံး အချက်ဖြစ်သည်။ တရုတ်နှင့်ရုရှားတို့မှာ အာဏာရှင်ဆန်သည် (သို့) အာဏာရှင်စနစ်ဘက်သို့ ယိမ်းယိုင်နေဆဲဖြစ်သည်။ ထိုနိုင်ငံများအား ဘက်ပြောင်းလာရန် သံတမန်နည်းလမ်းများဖြင့် ချဉ်းကပ်ခြင်းသာလျှင် လောလောဆယ်အချိန်ထိ တခုတည်းသော နည်းလမ်း ဖြစ်လျက်ရှိနေသည်။ သို့သော် သမားရိုးကျနည်းလမ်းများမှ ခွဲထွက်ကာ ကျင့်သုံးသော သံတမန်ရေး (Alternative Diplomacy) ရှိလာပါက ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ချိန်ခွင်လျှာကစားမှုနှင့် ပူးပေါင်းလိုက်လျောပေးသည့် အတိုင်းအတာပေါ် မူတည်၍ အကျိုးထူး တစုံတရာကို ရရှိလာနိုင်သည်။

အကယ်၍ လုံခြုံရေးကောင်စီမှ ဗီတိုအာဏာပိုင်ဆိုင်သည့် ကြီး ၅ ကြီးကသာ သဘောတူလျှင် နိုင်ငံတကာဥပဒေနှင့် သဘောတူညီချက်များကို ဖောက်ဖျက်သည့် မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမဆို ကနဦးအဆင့်၌ ဟန့်တားခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်း၊ ပျက်ကွက်သော် နောက်တဆင့်တွင် အရေးယူ အပြစ်ပေးခြင်းတို့ဖြင့် ပြတ်ပြတ်သားသား လုပ်နိုင်သည်။

အချက်(က)တွင် အကြံပေးထားသကဲ့သို့ ကာယကံရှင် ပြည်ပရောက် မြန်မာလူမျိုးများက နိုင်ငံခြားအစိုးရများ၊ အဖွဲ့အစည်းများထံ ပိုမိုထိရောက်သော Lobby နည်းလမ်းများဖြင့် ချဉ်းကပ်သင့်သည်။

လုံခြုံရေးကောင်စီမှ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (အိုင်စီစီ)သို့ လွှဲပြောင်းကာ ဥပဒေကြောင်းအရ စီရင်ပိုင်ခွင့်ပေးခြင်း ဆိုသည့်နည်းလမ်းမှာ ဤအပိုင်း၌ကျန်ရှိနေသော နိုင်ငံရေးနည်းလမ်းတခုဖြစ်ပြီး အလေးအနက် ထည့်သွင်းစဉ်းစားသင့်သည်။ ဤနည်းလမ်းသည် တနည်းအားဖြင့် မြန်မာအာဏာပိုင်တို့အား အရေးယူအပြစ်ပေးရန် လက်ရှောင်လိုသော ဗီတိုအာဏာရှိ နိုင်ငံများအတွက် မျက်နှာလွှဲ ခဲပစ်သည့်နည်း ဖြစ်သည်။

| နည်းလမ်း (ဂ) | နိုင်ငံတကာအတိုင်းအတာဖြင့် မေတ္တာရပ်ခံခြင်း၊ ပူးပေါင်းညှိနှိုင်း၍ ဖြေရှင်းခြင်း (Constructive Engagement)၊ ကန့်ကွက်ခြင်း၊ သတိပေးခြင်း၊ ပြစ်တင် ရှုတ်ချခြင်း၊ စီးပွားပြစ်ဒဏ်ခတ် အရေးယူခြင်း (Economic Sanctions) |
|---|---|

ဤနည်းလမ်းများကို သုံးရသည်မှာ အာဏာရှင်ဗိုလ်ချုပ်တို့အား ချော့မော့ဖြောင့်ဖျခြင်း (သို့) အကြပ်ကိုင်ခြင်းဖြင့် ဒီမိုကရေစီ အသွင်ပြောင်းရေးအတွက် ဖိအားပေးရန်သာ ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်သန်းရွှေမှာ ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံး အာဏာရှင်များစာရင်းတွင် ထိပ်ဆုံးမှပါဝင်နေသူဖြစ်၍ သူ့အားဖိအားပေးသည့်ကိစ္စမှာ လုံးလုံးလျားလျား မအောင်မြင်နိုင်သေးသောကြောင့် ဤနည်းလမ်းများအားလုံးကို ဆက်လုပ်လျှင် အောင်မြင်မှု မရနိုင်ဟု ပြီးစလွယ် မသတ်မှတ်သင့်ပေ။ လုံးဝအမြစ်ပြတ် စွန့်လွှတ်ခြင်း မရှိသင့်ပါ၊ ဆက်ကာဆက်ကာ ဖိအားပေးနေရန်သာ လိုအပ်သည်။ နည်းလမ်းများအားလုံးမှာ အမှန်တကယ်ပင် လုပ်ဆောင်ရန်လိုအပ်သည့် နည်းလမ်းများ ဖြစ်သည်။ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ကာ အားနည်းချက်များရှိလျှင် ပြုပြင်သင့်သည်။ ပိုမိုကျွမ်းကျင် ပိုင်နိုင်စွာဖြင့် တဆင့်ပြီးတဆင့် ပြင်းထန်လာအောင် ဖိအားပေးနေသင့်သည်။ ဥပမာ- Targeted Sanctions မျိုးဖြစ်သည်။

လုံးလုံးလျားလျား မအောင်မြင်နိုင်သေးဟု ဆိုထားသော်လည်း အတိုင်းအတာတခုအထိ အောင်မြင်လျက်ရှိသည်ကိုမူ မငြင်းနိုင်ပါ။ စစ်ဗိုလ်ချုပ်များ အာဏာစသိမ်းသည့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အချိန်ထိ နှစ်ပေါင်း (၂၀)ကျော် ကာလအတွင်း နည်းလမ်း(ဂ)ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းနေခဲ့ကြသည်။ အားလုံးခြုံငုံကာ ပြန်လည်သုံးသပ်ရလျှင် စစ်ဗိုလ်ချုပ်များအား အတော်အတန် ဖိအားပေးနိုင်ဆဲ၊ ကန့်သတ်ထားနိုင်ဆဲ ဖြစ်သည်ဟု ဆိုရပေမည်။ သို့သော် အာဏာရှင် ဗိုလ်ချုပ်တို့ ဆက်လက် ခေါင်းထောင်နေသည်ကို သာမန်ကာရှန်ကာကြည့်၍ မအောင်မြင်နိုင်တော့ဟုယူဆကာ အချို့နည်းလမ်းများကို လှုပ်ရှားသူတချို့က စိတ်ပျက်အားလျော့နေကြသည်။

အမုန်စင်စစ် နည်းလမ်း(ဂ)သည် တချက်တည်းပွဲသိမ်း အောင်မြင်နိုင်သည့်နည်းလမ်းမဟုတ်ပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရသည့်နိယာမအတိုင်း အကျိုးတခုဖြစ်ထွန်းစေရန် အကြောင်းပေါင်းများစွာကို စုစည်းနေရသည့်သဘောလည်း ရှိသည်။

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံအတွင်း ရဲဝံ့တက်ကြွစွာ လှုပ်ရှားနိုင်သူတို့အား အာဏာပိုင်တို့က အကျဉ်းချထားခြင်း နိုင်ငံရေးလှုပ်ရှားမှုများကို ဖိနှိပ်ချုပ်ချယ်ထားခြင်း၊ စီးပွားပြစ်ဒဏ်ခတ်မှုများ ရုပ်သိမ်းပေးရန် တောင်းဆိုနေခြင်းတို့ကို ကြည့်လျှင် အာဏာရှင် ဗိုလ်ချုပ်တို့ အင်အားချိနဲ့စွာ ဟန်ဆောင် ခေါင်းထောင်နေရသည့်အဖြစ်ကို သဘောပေါက်နိုင်သည်။

ပြည်ပတွင် နိုင်ငံတခုချင်းအလိုက် ထောက်ခံသူလူအများ ပိုမိုသိရှိကာ ပါဝင်အားဖြည့်လာစေသည့် လှုပ်ရှားမှုများ (Awareness campaigns)ကို ထိထိမိမိ ကျယ်ပြန့်လာအောင် မြှင့်တင်ပေးနိုင်ပါက တကမ္ဘာလုံး တချိန်တည်း တပြိုင်တည်း စုစည်းလှုပ်ရှားသည့် Global campaign အမျိုးစုံစွာဖြင့် ပိုမိုအားကောင်းအောင် လှုပ်ရှားနိုင်လာမည်။ ထိုအခါ စစ်ဗိုလ်ချုပ် များအား အတော်အတန် ဖိအားပေးနိုင်သည့် နိုင်ငံတကာလှုပ်ရှားမှုများ ဖြစ်လာပေလိမ့်မည်။ တချိန်တည်းမှာပင် မီဒီယာ အခန်းကဏ္ဍမှ ပိုမိုအားဖြည့်ပေးနိုင်လျှင် သာ၍ပင် ကောင်းတော့သည်။ Meeting, Training, Workshop, Seminar, Conference အစရှိသည်များကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးနိုင်သည်နှင့်အမျှ လှုပ်ရှားသူတို့၏ နိုင်ငံရေး အရည်အသွေးများ ပိုမို ထက်မြက် သွက်လက်လာပေလိမ့်မည်။

လှုပ်ရှားသူတို့၌ နိုင်ငံရေးအရည်အသွေးများ တိုးတက်ရင့်ကျက်လာလျှင် မည်သည့်လှုပ်ရှားမှုကိုပင်လုပ်လုပ်-မေတ္တာရပ်ခံ သည့် လှုပ်ရှားမှုဖြစ်စေ၊ ကန့်ကွက်ရှုတ်ချသည့် လှုပ်ရှားမှုဖြစ်စေ စစ်ဗိုလ်ချုပ်တို့အား ဖိအားပေးရာ၌ ပို၍ ထိရောက်မည် ဖြစ်သည်။ ဖိအားပေးနိုင်ခဲ့သည့် အကျိုးသက်ရောက်မှုကို တန်ဖိုးထားလျှက် ယခုထက် ပိုမိုထိရောက်စွာ ဆက်လက် ဖိအားပေးရန် လိုအပ်သည်။ ဖိအား အပေးနိုင်ဆုံး တချိန်တွင် စစ်ဗိုလ်ချုပ်များ ခေါင်းမမာနိုင်တော့ပဲ ဒူးထောက် အညံ့ခံလာ ပေလိမ့်မည်။

| | |
|---|---|
| နည်းလမ်း (ဃ) | နိုင်ငံရေးနည်းလမ်း မဟုတ်သော စစ်ရေးနည်းလမ်းကို အသုံးချလျှင် ဖြစ်နိုင်စရာ ပြည်ပနည်းလမ်းများမှာ<br>၁၊ ကုလသမဂ္ဂ၏ နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များ ချထား၍ ကာကွယ်စောင့်ရှောက်ပေးခြင်း၊<br>၂၊ နိုင်ငံတခုခုမှ စစ်ရေးအရ ဝင်ရောက်တားဆီးခြင်း တို့ဖြစ်သည်။ |

အချက်(ဃ-၁)အရ ကုလသမဂ္ဂ၏ နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များကို ချထား၍ ကာကွယ် စောင့်ရှောက်ပေးရန်မှာ များသောအားဖြင့် လက်နက်ကိုင်ဆောင်၍ ပဋိပက္ခဖြစ်သည့် ပြည်တွင်းစစ် (သို့) ကျူးကျော်စစ် ဖြစ်ပွားနေချိန်တွင် ဆိုးဝါး ပြင်းထန်သော အခြေအနေများအရ လုံခြုံရေးကောင်စီ၏ သဘောတူညီမှု ရရှိသည့်အပေါ် မူတည်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တိုက်တွန်းနိုင်စွမ်းအပေါ် မူတည်၍လည်း ကုလသမဂ္ဂတပ်များကို ချထားနိုင်သည်။ မည်သို့ပင်ဖြစ်စေ အဆိုပါတပ်များသည် ပဋိပက္ခ ဖြစ်ပွားမှုကို တားဆီး- လျှော့ချကာ ငြိမ်းချမ်းရေး ရရှိရန်အတွက်သာ ရည်ရွယ်သည်။

အချက်(ဃ-၂)အရ နိုင်ငံတခုခုမှ စစ်ရေးအရ ဝင်ရောက်တားဆီးပေးရန်မှာ ထိုသို့လုပ်ဆောင်မည့်နိုင်ငံအဖို့ အလွန်ပင် ခက်ခက်ခဲခဲ စဉ်းစားဆုံးဖြတ်ရသောကိစ္စ ဖြစ်သည်။ နှစ်ဦးနှစ်ဘက် အစိုးရနှင့် ပြည်သူတို့၏ အကျိုးစီးပွားများ၊ ဒေသတွင်း အကျိုးစီးပွားများအတွက် ကောင်းကျိုး-ဆိုးကျိုး မည်မျှဖြစ်စေနိုင်သည်ကို တွက်ချက်ရသည်။ လက်ရှိကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများက အထင်အရှား ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံအနေအထားတွင် အချက်(ဃ)၌ ပါရှိသော နိုင်ငံရေးနည်းလမ်းမဟုတ်သည့် စစ်ရေးနည်းလမ်းဖြင့် လုပ်ဆောင်နိုင်မည့် လုံလောက်သော အကြောင်းပြချက် မရှိသေးပါ။ သို့သော် မြန်မာစစ်ဗိုလ်ချုပ်များက အနုမြူလက်နက် ပိုင်ဆိုင်ရေးကို လုပ်ဆောင်လာလျှင်၊ အနုမြူလက်နက်ဖြင့် ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်လာလျှင် နိုင်ငံရေး နည်းလမ်းများဖြင့် တားမြစ်၍မရသည့်အဆုံး၌ ပြည်ပနိုင်ငံတခုခု(သို့)အများက စစ်ရေးအရ ကျူးကျော်ဝင်ရောက် တိုက်ခိုက် ဖြေရှင်းလာမည် ဖြစ်သည်။

လွင်အောင်စိုး

၂-၉-၂၀၀၉